မြန်မာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာခြေရာခံစီမံကိန်း

ConocoPhillips ၏ ဖြေကြားချက်များ

အထက်ပါအကြောင်းအရာနှင့်ပတ်သက်သည့် ဒီဇင်ဘာလ(၈)ရက်နေ့ရက်စွဲပါ အီးမေးလ်ကို ကျေးဇူးတင်စွာဖြင့် လက်ခံရရှိပါသည်။

ထုတ်လုပ်မှုအစုစပ်စာချုပ်(PSC)အား လက်မှတ်ရေးထိုးရခြင်းမရှိသေးပါ။ မြန်မာနိုင်ငံရှိ သတ်မှတ်ထားသော လုပ်ကွက်များတွင် ကနဦးစမ်းသပ်ရှာဖွေမှုများကို စတင်နေပြီ ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ လုပ်ဖော်ကိုင်ဖက်ဖြစ်သော Statoil နှင့်အတူပူးပေါင်း၍ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။ ထိုသို့ လုပ်ဆောင်ရာတွင် လူ့အခွင့်အရေး၊ ဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်တို့ကို အကျိုးပြုစေမည့် မူဝါဒများကို ချမှတ်ပြီး လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။ Statoil ၏ လုပ်နည်းလုပ်ဟန်နှင့် ကျွန်ုပ်တို့၏ ရပ်တည်ချက်များသည် ပေါင်းစပ်ညှိနှိုင်းနိုင်မည်ဟု ယုံကြည်ပါသည်။

လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များတွင် ကျွန်ုပ်တို့၏ ရပ်တည်ချက်များနှင့် ဖွံ့ဖြိုးရေးကိုအကျိုးပြုစေမည့် လုပ်ငန်းအကောင်အထည်ဖော်မှုများ၌ ကျွန်ုပ်တို့၏ လုပ်နည်းလုပ်ဟန်များနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ကျွန်ုပ်တို့၏ ရေရှည်ဖွံ့ဖြိုးရေး အကျိုးပြုအစီရင်ခံစာတွင် ဖတ်ရှုနိုင်ပါသည်။

လူ့အခွင့်အရေးအခြေအနေ၊ လူ့အခွင့်အရေးဆိုင်ရာ လျော့ကန်သောအားထုတ်မှု၊ အလုပ်သမားရေးရာ၊ ကုန်စည်ပေးသွင်းသူများ၏ မျှော်မှန်းချက်များ၊ ဘေးကင်းလုံခြုံရေးနှင့် လူ့အခွင့်အရေး၊ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် အခြေခံအချက်များ၊ ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေးအား စီမံခန့်ခွဲခြင်းစနစ်၊ တိုင်းရင်းလူမှုအဖွဲ့အစည်းရေးရာတို့နှင့် ပတ်သက်သော ကဏ္ဍများသည် စိတ်ပါဝင်စားဖွယ် ဖြစ်ပါလိမ့်မည်။

ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများသည် လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့၏ ချဉ်းကပ်နည်းနှင့် လုပ်နည်းလုပ်ဟန်များအား မေးမြန်းစုံစမ်းလိုပါက ကျွန်ုပ်အား ဆက်သွယ်နိုင်ပါသည်။

Karen Beadle

Karen.E.Beadle@ConocoPhillips.com